ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# ဒီမိုကရေစီပညာရေးလှုပ်ရှားမှုအပေါ် အကြမ်းဖက်ရိုက်နှက်ဖြိုခွဲခြင်းနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ချက်

၂၀၁၅ ခုနှစ်၊ မတ်လ (၈) ရက်

၁။ ဒီမိုကရေစီပညာရေးထွန်းကားလာစေရေးအတွက် အမျိုးသားပညာရေးဥပဒေပြုပြင်ပြောင်းလဲရန် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်နေကြသည့် ကျောင်းသားပြည်သူများအား အစိုးရအာဏာပိုင်များမှ တာဝန်၊ စည်းကမ်းဆိုသည့် လက်ပတ်များဖြင့် အရပ်ဝတ် ပြည်သူများကို တလွဲအသုံးချ၍ ၂၀၁၅ ခုနှစ်၊ မတ်လ (၅)ရက်နေ့တွင် ရန်ကုန်မြို့ မြို့တော်ခမ်းမအနီး၌ အကြမ်းဖက်ရိုက်နှက်ဖြိုခွင်းခဲ့ခြင်းနှင့် ဖမ်းဆီးထိမ်းသိမ်းခဲ့ခြင်းတို့အပေါ် ပြင်းထန်စွာ ကန့်ကွက်ရှုံ့ချပါသည်။

၂။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေပါရှိ ပြဌာန်းချက်များကို အကြောင်းပြုကာ ဖိနှိပ်မှုယန္တရားသစ်များသဖွယ် ဖြစ်လာနေသော ယခင်စစ်အာဏာရှင်ဟောင်းများမှ အသုံးပြုခဲ့ကြသည့် စွမ်းအားရှင်အမည်ခံ အကြမ်းဖက် လူအုပ်စုများကို လက်ရှိသမ္မတဦးသိန်းစိန်အစိုးရ လက်ထက်တွင်လည်း ကျောင်းသားသပိတ်အား နှိမ်နင်းရာ တွင် ဆက်လက်အသုံးပြုနေခြင်းမှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ဗီလာဆန့်ကျင်နေပြီး၊ မလျော်မကန် ပြုမူဆောင်ရွက်နေသည်ဟု ရှုမြင်ပါသည်။ ထိုသို့ မှားယွင်းသော ပြုမူဆောင်ရွက်နေမှုတို့ကြောင့် အပြစ်မဲ့ ကျောင်းသားပြည်သူများ၏ လုံခြုံရေးအတွက်လည်း လွန်စွာ စိုးရိမ်မကင်း ဖြစ်မိပါသည်။

၃။ ထို့အပြင် အမျိုးသားပညာရေးဥပဒေအပါအဝင် ဒီမိုကရေစီအခြေခံစံထားများနှင့် လျော်ညီမှုမရှိသော ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အချက်အလက်များအားလုံးကို အမြန်ဆုံး ပြုပြင်နိုင်မှသာ လက်ရှိဖြစ်ပေါ်နေသော တိုင်းပြည်၏ အထွေထွေပြဿနာရပ်များ အားလုံးကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မည် ဖြစ်သည်။ သို့ဖြစ်ပါ၍ စစ်မှန်သည့် တွေ့ဆုံဆွေးနွေးပွဲများမှတဆင့် ငြေစပ်ညှိနှိုင်းအဖြေရှာကြရန် တိုက်တွန်းပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)


**ဆက်သွယ်ရန်**

*ခူဦးရယ်* - *အထွေထွေအတွင်းရေးမှူး* *ဖုန်း - +၆၆(၀)၈၄-၈၀၅-၁၃၄၄*
*ဆလိုင်းထလာပေး* - *တွဲဖက်အထွေထွေအတွင်းရေးမှူး(၂) (အင်္ဂလိပ်ဘာသာ) ဖုန်း - +၆၆(၀)၉၅-၇၉၂-၉၃၇၂*